သတင်းထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၁၀ ရက်

မြန်မာပုလဲကုမ္ပဏီ TASAKI နှင့် ရင်းနှီးမြှုပ်နှံသူများ မြန်မာစစ်အုပ်စု၏ နိုင်ငံတကာရာဇဝတ်မှုများတွင် ကြံရာပါဖြစ်မှု အန္တရာယ်ရှိနေပြီဖြစ်

TASAKI အနေဖြင့် ဒဏ်ခတ်ပိတ်ဆို့ထားသည့် မြန်မာ့ပုလဲလုပ်ငန်းနှင့် စီးပွားရေးအားလုံးကို တာဝန်သိစွာ အဆုံးသတ်ရမည်

Mekong Watch and Justice For Myanmar သည် TASAKI ကုမ္ပဏီနှင့် ၄င်း၏ ရင်းနှီးမြှုပ်နှံသူများဖြစ်ရန် အလားအလာရှိနေကြသည့် FountainVest Partners နှင့် Unison Capital တို့ထံ ၂၀၂၄ ခုနှစ် ဇွန်လ ၁၁ ရက်နေ့ ရက်စွဲဖြင့် စာတစ်စောင်ပေးပို့ခဲ့သည်။ ယင်းစာတွင် အမေရိကန်ပြည်ထောင်စု၊ ယူကေနှင့် ကနေဒါနိုင်ငံတို့က ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားပြီး၊ မြန်မာစစ်အုပ်စုက တရားမဝင် ထိန်းချုပ်ထားသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော မြန်မာ့ပုလဲလုပ်ငန်း (MPE) နှင့် TASAKI တို့ ဆက်လက် မိတ်ဖက်ဆောင်ရွက်နေခြင်းအပေါ် စိုးရိမ်မှုကို ဖော်ပြခဲ့သည်။ မြန်မာစစ်အုပ်စုသည် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို အပြစ်ပေးအရေးယူခံရခြင်း ကင်းလွတ်စွာဖြင့် ဆက်လက်ကျူးလွန်လျက်ရှိပြီး၊ MPE နှင့် အခြားသော စစ်အုပ်စုထိန်းချုပ်အဖွဲ့အစည်းများမှ ရရှိသည့် ဝင်ငွေများအပေါ် အမှီသဟဲပြုလျက်ရှိသည်။ မိမိတို့အဖွဲ့နှစ်ဖွဲ့သည် TASAKI အား MPE နှင့် စီးပွားရေးလုပ်ငန်းအားလုံးကို တာဝန်သိစွာ အဆုံးသတ်ရန် တိုက်တွန်းခဲ့သည်။

ပေးပို့ခဲ့သည့်စာတွင် ဂျပန်နိုင်ငံ၌ တည်ထောင်ခဲ့သည့် တန်ဖိုးကြီးကျောက်မျက်ရောင်းဝယ်သူ TASAKI ကုမ္ပဏီအနေဖြင့် စစ်အုပ်စုအာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း လူ့အခွင့်အရေးဆိုင်ရာ တင်ကြိုစီစစ်မှုများ လုပ်ဆောင်ခဲ့ခြင်းရှိ မရှိ၊ အဆိုပါတင်ကြိုစိစစ်မှုများ၏ ရလာဒ်များနှင့် TASAKI က လုပ်ဆောင်ထားသည့် တုန့်ပြန်ဆောင်ရွက်မှုများအကြောင်း မေးမြန်းခဲ့သည်။ မိမိတို့အဖွဲ့နှစ်ဖွဲ့သည် TASAKI အား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလနောက်ပိုင်း MPE အပါအဝင် အခြားစစ်အုပ်စုထိန်းချုပ်ထားသည့် အဖွဲ့အစည်းများနှင့် လုပ်ဆောင်နေသော စီးပွားရေးလုပ်ငန်းများကို လူသိရှင်ကြား ထုတ်ပြန်ရန်ကိုလည်း တိုက်တွန်းခဲ့သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက (ယခု စစ်အုပ်စုထိန်းချုပ်ထားသော) ထုတ်ပေးသည့် လိုင်စင်အရ TASAKI & Co., Ltd ၏ လက်အောက်ခံ MYANMAR TASAKI Co., Ltd သည် MPE နှင့် ၁၉၉၇ ခုနှစ်မှ စတင်ကာ ထုတ်လုပ်မှုခွဲဝေရေးစာချုပ်ဖြင့် မိတ်ဖက် လုပ်ကိုင်ခြင်း ဖြစ်သည်။ MYANMAR TASAKI သည် အများပြည်သူသို့ အချက်အလက်များ နောက်ဆုံးထုတ်ပြန်ထားသည့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ကျပ်သန်းပေါင်း ၁၁ ဘီလီယံနီးပါး (ထိုအချိန်က အမေရိကန်ဒေါ်လာ ၈ သန်းကျော်) တန်ဖိုးရှိသည့် ပုလဲများထုတ်လုပ်၍ အများဆုံးပုလဲထုတ်လုပ်သည့် ကုမ္ပဏီဖြစ်ခဲ့သည်။

TASAKI သည် ဩစတြေးလျ၊ တရုတ်၊ ပြင်သစ်၊ ဂျပန်၊ ဟောင်ကောင်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ထိုင်ဝမ်၊ ယူကေနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် အရောင်းစတိုးဆိုင်များရှိကြောင်း ၎င်းတို့၏ ဝဘ်ဆိုဒ်အရ သိရသည်။

စစ်အုပ်စုသည် ပုလဲကဏ္ဍမှတဆင့် ရရှိသည့် ဝင်ငွေများမှ အကျိုးအမြတ်များ ရရှိနေသည်။ ယင်းအကျိုးအမြတ်များကို ပုလဲထုတ်လုပ်မှု၏ ၂၀-၂၅ ရာခိုင်နှုန်းအား MPE က ရရှိသည်ဆိုသည့် ထုတ်လုပ်မှုခွဲဝေရေးစာချုပ်မှတဆင့်သော်လည်းကောင်း၊ အကောက်ခွန်များ၊ အခြားအခွန်အခများ

အပြင် နောက်ထပ်ထုတ်လုပ်ရေးလုပ်ငန်းများကို အထောက်အကူဖြစ်နိုင်သည့် နည်းပညာလွှဲပြောင်းပေးအပ်မှုများမှလည်းကောင်း ရရှိနေသည်။

FountainVest Partners နှင့် Unison Capital တို့သည် TASAKI & Co., Ltd. အား ပူးတွဲဝယ်ယူရန် ရည်ရွယ်နေကြောင်း Bloomberg သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

မြန်မာစစ်အုပ်စုက အာဏာသိမ်းကြိုးပမ်းခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်း စစ်အုပ်စုသည် ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်ခြင်း၊ မတရားဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အရပ်သားပြည်သူများကိုပါ ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်ခြင်း၊ ပြည်သူပိုင်ပစ္စည်းများ ဖျက်ဆီးခြင်းအပါအဝင် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို အပြစ်ပေးအရေးယူခံရခြင်း ကင်းလွတ်စွာဖြင့် ကျူးလွန်လျက်ရှိပြီး၊ နိုင်ငံတဝန်း လူပေါင်း ၃ သန်းကျော် အား နေရပ်စွန့်ခွာတိမ်းရှောင်စေခဲ့သည်။

MPE အပါအဝင် အခြားစစ်အုပ်စုထိန်းချုပ်ထားသောအဖွဲ့အစည်းများမှ ဝင်ငွေများအပေါ် မှီခိုအားကိုးမှုများဖြင့် စစ်အုပ်စုက အဆိုပါရာဇဝတ်မှုများ ကျူးလွန်နေမှုအပေါ် အလေးအနက် စိုးရိမ်မှုများရှိနေသော်လည်း TASAKI ကုမ္ပဏီသည် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့ နောက်ဆုံးထား၍ တောင်းဆိုထားသည့် အချက်အလက်များအပေါ် ပြန်လည်တုန့်ပြန် ထုတ်ဖော်ပြောဆိုခြင်း အလျှင်းမရှိခဲ့ပေ။

Mekong Watch အဖွဲ့၏ ဒါရိုက်တာ Yuka Kiguchi က “OECD လမ်းညွှန်ချက်တွေနဲ့ ကုလသမဂ္ဂလမ်းညွှန်အခြေခံမူတွေအရ TAKASI အနေနဲ့ လူ့အခွင့်အရေးတွေကို လေးစားလိုက်နာဖို့ တာဝန်ရှိပါတယ်။ ဒါ့ကြောင့်လည်း လူ့အခွင့်အရေးဆိုးကျိုးသက်ရောက်မှုတွေကို ဖော်ထုတ်ဖို့၊ ကာကွယ်ဖို့၊ လျှော့ချဖို့နဲ့ ထည့်သွင်းစဉ်းစားပြင်ဆင်ဖို့အတွက် လူ့အခွင့်အရေးဆိုင်ရာ တင်ကြိုစိစစ်မှုတွေ လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ ဂျပန်နိုင်ငံမှာ တည်ထောင်ခဲ့တဲ့ ကမ္ဘာလုံးဆိုင်ရာ ကုမ္ပဏီတစ်ခုဖြစ်တဲ့ TASAKI က လူ့အခွင့်အရေးတွေကို လေးစားလိုက်နာရမယ့် သူတို့ရဲ့တာဝန်ကို

လုပ်ဆောင်ဖို့ ပျက်ကွက်နေတဲ့အပြင် မြန်မာပြည်သူတွေရဲ့ ဘဝပေါင်းများစွာအပေါ် သက်ရောက်မှုရှိတဲ့ အရေးကြီးသတင်းအချက်အလက်တွေကို ထုတ်ပြန်ဖို့လည်း ပျက်ကွက်နေပါတယ်။ TASAKI အနေနဲ့ MPE နဲ့ မိတ်ဖက်ဆောင်ရွက်မှုကို အဆုံးသတ်သင့်ပါတယ်။ သို့မဟုတ်ပါက စစ်တပ်ရဲ့ နိုင်ငံတကာရာဇဝတ်မှုတွေမှာ ကြံရာပါပတ်သက်မယ့် အန္တရာယ် ရှိနေပါတယ်” ဟု ပြောကြားခဲ့သည်။

Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က “MPE နဲ့ မိတ်ဖက်ဆောင်ရွက်မှု ဆက်လက်လုပ်ဆောင်ခြင်းဖြင့် TASAKI က မြန်မာစစ်အုပ်စုကို အခွန်ဝင်ငွေရင်းမြစ်တစ်ရပ် ပေးအပ်နေတာဖြစ်ပါတယ်။ မြန်မာစစ်အုပ်စုက အဲ့ဒီအခွန်ဝင်ငွေတွေကို စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ရာဇဝတ်မှုတွေ ကျူးလွန်ဖို့အတွက် လိုအပ်တဲ့ စစ်လက်နက်နဲ့ လေယာဉ်ဆီတွေ ဝယ်ယူရာမှာ အသုံးပြုနေပါတယ်။ ရင်းနှီးမြှုပ်နှံဖို့ အလားအလာရှိသူတွေအနေနဲ့ TASAKI အပေါ် မြန်မာနိုင်ငံကနေ ရင်းနှီးမြှုပ်နှံမှုတွေ ရုတ်သိမ်းဖို့ ၎င်းတို့ရဲ့ဩဇာအရှိန်အဝါကို အသုံးပြု လုပ်ဆောင်သင့်ပါတယ်။ သို့မဟုတ်ပါက စစ်အုပ်စုရဲ့ နိုင်ငံတကာရာဇဝတ်မှုတွေမှာ ပါဝင်ကူညီမှုဆိုတဲ့ အန္တရာယ် ရှိလာပါလိမ့်မယ်။ TASAKI အနေနဲ့ သွေးစွန်းပုလဲတွေ ရောင်းချခြင်းကို ရပ်တန့်ဖို့၊ အကြမ်းဖက်အဖွဲ့အစည်းတစ်ရပ်ဖြစ်တဲ့ စစ်အုပ်စုနဲ့ စီးပွားရေးလုပ်ငန်းကို နောက်ဆုံးအဆုံးသတ်ဖို့ တောင်းဆိုပါတယ်” ဟု ပြောကြားခဲ့သည်။

နောက်ထပ်အသေးစိတ်အချက်အလက်များ သိရှိရန် အောက်ပါလင့်ခ်တွင် ဖော်ပြထားသည့် ပေးစာများကို ကျေးဇူးပြု၍ ကိုးကားပါ။

၂၀၂၄ ခုနှစ်၊ ဇွန်လ၊ ၁၁ ရက်နေ့ရက်စွဲဖြင့် TASAKI ထံပေးပို့ခဲ့သည့် "ဒဏ်ခတ်ပိတ်ဆို့ထားသည့် မြန်မာ့ပုလဲလုပ်ငန်းနှင့် TASAKI ၏ စီးပွားရေးမိတ်ဖက်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ မေးမြန်းခြင်း" စာ

http://www.mekongwatch.org/report/burma/mbusiness/inquiryTASAKI2024Jun/Q_20240611_TASAKI_Eng.pdf

၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့ ရက်စွဲဖြင့် Unison Capital, Inc.; Unison Capital Management Pte. Ltd; နှင့် FountainVest Partners တို့ထံ ပေးပို့ခဲ့သည့် "ဒဏ်ခတ်ပိတ်ဆို့ထားသည့် မြန်မာ့ပုလဲလုပ်ငန်း နှင့် TASAKI ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ လူ့အခွင့်အရေးဆိုင်ရာတင်ကြိုစိစစ် မှုအကြောင်း မေးမြန်းခြင်း" စာ

http://www.mekongwatch.org/report/burma/mbusiness/inquiryTASAKI2024Jun/Q_20240611_FVP_UC_Eng.pdf

ဆက်သွယ်ရန်

Yuka Kiguchi, Mekong Watch: contact@mekongwatch.org

Yadanar Maung, Justice For Myanmar: media@justiceformyanmar.org